ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

အမိန့်ကြော်ငြာစာအမှတ် (၇၄ / ၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၄ |
| ၂။ | အခန်း (၂) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ | ၄-၆ |
| ၃။ | အခန်း (၃) | တင်သွင်းသူနှင့် တင်ပို့သူတို့၏ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ | ၇-၈ |
| ၄။ | အခန်း (၄) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခြင်း | ၈-၁၀ |
| ၅။ | အခန်း (၅) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း | ၁၁-၁၃ |
| ၆။ | အခန်း (၆) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်းသယ်ဆောင်ခြင်း | ၁၃ |
| ၇။ | အခန်း (၇) | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်း | ၁၄-၁၅ |
| ၈။ | အခန်း (၈) | ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံများသို့ တင်ပို့ခြင်း သို့မဟုတ် ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံများမှ တင်သွင်းခြင်း | ၁၅ |
| ၉။ | အခန်း (၉) | စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း | ၁၆ |
| ၁၀။ | အခန်း (၁၀) | အရေးယူဆောင်ရွက်ခြင်း | ၁၆ |
| ၁၁။ | အခန်း (၁၁) | အထွေထွေ | ၁၆-၁၈ |

**နောက်ဆက်တွဲ**

က ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အမျိုးအစားများ၊ ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာများနှင့် အထူးထည့်သွင်းစဉ်းစားရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော အခြားစွန့်ပစ်ပစ္စည်းများ

- ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အမျိုးအစားများ
- ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာများ
- အထူးထည့်သွင်းစဉ်းစားရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော အခြားစွန့်ပစ်ပစ္စည်းများ

ခ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်း/ သယ်ယူပို့ဆောင်ခြင်းအတွက် အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်း

ဂ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်း/ သယ်ယူပို့ဆောင်ခြင်းအတွက် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၇၄ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဠ) နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင် ပါရှိသော စကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဆိုသည်။

(ဃ) **ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း** ဆိုသည်မှာ နောက်ဆက်တွဲ “က”၊ အပိုဒ် ၂ ပါ ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာတစ်ရပ်ရပ်မျှ မရှိသည့် စွန့်ပစ် ပစ္စည်းမဟုတ်သော နောက်ဆက်တွဲ “က”၊ အပိုဒ် ၁ ၏ စာရင်း ဝိုင် (List Y) နှင့် စာရင်းအေ (List A) တို့တွင် ပါဝင်သည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း အမျိုးအစား များကို ဆိုသည်။ ယင်းစကားရပ်တွင် သင်္ဘောပုံမှန်လည်ပတ်မှုမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ သို့မဟုတ် ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများမှတစ်ပါး တင်ပို့ သည့်နိုင်ငံ၊ တင်သွင်းသည့်နိုင်ငံ သို့မဟုတ် အကူးအပြောင်း ပြုလုပ်သည့် နိုင်ငံ၏

ဥပဒေအရ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော စွန့်ပစ်ပစ္စည်းများလည်း ပါဝင်သည်။

(င) **အခြားစွန့်ပစ်ပစ္စည်းများ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ "က" ၊ အပိုဒ် ၃ တွင် ဖော်ပြထားသော စွန့်ပစ်ပစ္စည်း အမျိုးအစားများကို ဆိုသည်။

(စ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ ဆွစ်ဇာလန်နိုင်ငံ၊ ဘာဆယ်မြို့တွင် ၁၉၈၉ ခုနှစ် မတ်လ ၂၂ ရက်နေ့၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းနှင့်စွန့်ပစ်ခြင်းများ ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းကို ဆိုသည်။

(ဆ) **အခွင့်ရအာဏာပိုင်** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများကို ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် ဝင်ရောက်ထားသည့်နိုင်ငံသို့ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားရန် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဇ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ် ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သောအချက်အလက်များ လက်ခံရယူခြင်းနှင့် တင်ပြခြင်းတို့ကို ဆောင်ရွက်ရန် ကွန်ဗင်းရှင်းဝင် နိုင်ငံအသီးသီးမှ တာဝန်ယူဆောင်ရွက်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဈ) **တင်ပို့သူ** ဆိုသည်မှာ မြန်မာနိုင်ငံမှ အခြားနိုင်ငံ တစ်နိုင်ငံသို့ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်ပို့ခွင့်ရရှိသူ သို့မဟုတ် တင်ပို့မည့်သူကို ဆိုသည်။

(ည) **တင်သွင်းသူ** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း များနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်သွင်းခွင့်ရရှိသူ သို့မဟုတ် တင်သွင်းမည့်သူ ကို ဆိုသည်။

(ဋ) **ထုတ်လုပ်သူ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ် ပစ္စည်းများကို ထုတ်လုပ်သောပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စွန့်ပစ် ပစ္စည်းများအား လက်ဝယ်ရှိသောပုဂ္ဂိုလ် သို့မဟုတ် ထိန်းသိမ်းထားသောပုဂ္ဂိုလ် လည်း ပါဝင်သည်။

(ဌ) **စွန့်ပစ်သူ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို သယ်ယူပို့ဆောင်ပြီး စွန့်ပစ်ခြင်းကို ဆောင်ရွက်သည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ဍ) **တင်ပို့သည့်နိုင်ငံ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်ပို့ခြင်းကို စတင်ဆောင်ရွက်ရန် စီစဉ်ထားသည့် သို့မဟုတ် စတင်ဆောင်ရွက်သည့်နိုင်ငံကို ဆိုသည်။

(ဎ) **တင်သွင်းသည့်နိုင်ငံ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်သွင်းရန်စီစဉ်သော သို့မဟုတ် စွန့်ပစ်ရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းသည့်နိုင်ငံကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုခု၏ စီရင်ပိုင်ခွင့် မရှိသည့် နေရာဒေသတွင် စွန့်ပစ်ရေးအတွက် တင်သွင်းသည့်နိုင်ငံကိုသော်လည်းကောင်း ဆိုသည်။

(ဏ) **အကူးအပြောင်းပြုလုပ်သည့်နိုင်ငံ** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် စီစဉ်ထားသော သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်သော တင်ပို့သည့်နိုင်ငံမှ တင်သွင်းသည့်နိုင်ငံသို့ မရောက်မီ ကြားအဆင့်အနေဖြင့် ဝင်ရောက်ရပ်နားပြီး ဖြတ်သန်းသယ်ဆောင်သွားရမည့်နိုင်ငံကို ဆိုသည်။

(တ) **သက်ဆိုင်ရာနိုင်ငံ** ဆိုသည်မှာ ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်စေ၊ ကွန်ဗင်းရှင်ဝင်မဟုတ်သည့်နိုင်ငံဖြစ်စေ တင်ပို့သည့်နိုင်ငံ သို့မဟုတ် တင်သွင်းသည့်နိုင်ငံ သို့မဟုတ် အကူးအပြောင်းပြုလုပ်သည့်နိုင်ငံတို့ကို ဆိုသည်။

(ထ) **နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်း** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အနည်းဆုံး နိုင်ငံနှစ်နိုင်ငံ ပါဝင်ပြီး နိုင်ငံတစ်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသတစ်ခုမှ အခြားနိုင်ငံတစ်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသတစ်ခုသို့ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံ၏ စီရင်ပိုင်ခွင့်မရှိသော နေရာဒေသတစ်ခုသို့ဖြစ်စေ ပို့ဆောင်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းကို ဆိုသည်။

(ဒ) **ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်သော စီမံခန့်ခွဲမှု ရရှိစေသည့် လက်တွေ့လုပ်ဆောင်ချက်အားလုံးကို ဆိုသည်။

(ဓ) **စီမံခန့်ခွဲမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် အခြားစွန့်ပစ်ပစ္စည်းများ စွန့်ပစ်သည့်နေရာကို စနစ်တကျဆောင်ရွက်ခြင်း အပါအဝင် ယင်းစွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း၊ သယ်ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ဆိုသည်။

(န) **စွန့်ပစ်ခြင်း** ဆိုသည်မှာ ဘာဆယ်ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ "၄" (Annex IV) ၏ အပိုဒ် အေ (Section A) နှင့် အပိုဒ် ဘီ (Section B) တို့တွင် ဖော်ပြပါရှိသော လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ဤလုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ "ခ" နှင့် "ဂ" ပါ စွန့်ပစ်ခြင်းလုပ်ငန်းဆောင်ရွက်မှုများတွင် ဖော်ပြပါရှိသော ဒီ ၁ (D1) မှ ဒီ ၁၅ (D15) အထိ နှင့် ပြန်လည်အသုံးပြုရန် လုပ်ငန်းလည်ပတ်မှုများတွင် ဖော်ပြပါရှိသော အာ ၁ (R1) မှ အာ ၁၃ (R13) အထိပါ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ဆိုသည်။

(ပ) **လုပ်ပိုင်ခွင့်ရလုပ်ငန်း** ဆိုသည်မှာ တင်သွင်းမည့် သို့မဟုတ် တင်ပို့မည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရန် သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသောလုပ်ငန်းကို ဆိုသည်။

## အခန်း (၂)

## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၃။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် တင်သွင်းသူ သို့မဟုတ် တင်ပို့သူ တို့က ဤလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြသည့် အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက်များကို အောက်ပါအချက်များဖြင့် စိစစ်ခြင်း-

(၁) ဝန်ကြီးဌာနသို့ တင်ပြသော နောက်ဆက်တွဲ "ခ" ပါ အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းတွင် ပါဝင်ရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ မရှိ၊

(၂) အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းတွင် လုံလောက်သော အချက်အလက်များနှင့် ယုံကြည်စိတ်ချရသော အချက်အလက်များ ပါဝင်မှု ရှိ မရှိ၊

(၃) မတော်တဆထိခိုက်မှုဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ လုံလောက်သော ငွေကြေး အာမခံအတွက် အထောက်အထားအဖြစ် လက်မှတ်ရေးထိုးထားသည့် ငွေကြေးအာမခံစာရွက်စာတမ်းတွင် တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း စသည်တို့ ရှင်းလင်းစွာ ပါဝင်မှု ရှိ မရှိ၊

(၄) တင်ပို့သူနှင့် စွန့်ပစ်မည့်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ပြန်လည်ရယူမည့် လုပ်ငန်းလုပ်ကိုင်သူတို့အကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ် မိတ္တူ ပါဝင်မှု ရှိ မရှိ၊

(၅) စွန့်ပစ်မည့်လုပ်ငန်း သို့မဟုတ် ပြန်လည်ရယူမည့်လုပ်ငန်း၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော လက်တွေ့လုပ်ဆောင်မှုဆိုင်ရာ စာရွက်စာတမ်း ပါဝင်မှု ရှိ မရှိ၊

(၆) တင်ပို့သည့်နိုင်ငံမှ အခွင့်ရအာဏာပိုင်၏ သဘောတူခွင့်ပြုချက် ပါရှိသည့် စာရွက်စာတမ်း ပါဝင်မှု ရှိ မရှိ။

(ခ) တင်သွင်းသူများနှင့် တင်ပို့သူများက တင်ပြလာသော အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှု မရှိပါက လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက်များကို တင်သွင်းသူများနှင့် တင်ပို့သူများအား ထပ်မံတင်ပြစေခြင်း၊ (လိုအပ်ပါက ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ တင်ပြစေခြင်း၊)

(ဂ) တင်သွင်းသူများနှင့် တင်ပို့သူများက တင်ပြလာသော အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက်များကို စိစစ်ပြီးနောက် ပြည့်စုံမှန်ကန်မှု ရှိပါက သက်ဆိုင်ရာနိုင်ငံများ၏ အခွင့်ရအာဏာပိုင်ထံ အကြောင်းကြား၍ သဘောတူခွင့်ပြုချက် ရယူခြင်း၊

(ဃ) သက်ဆိုင်ရာနိုင်ငံများ၏ အခွင့်ရအာဏာပိုင်ထံမှ အကြောင်းပြန်ကြားချက် သို့မဟုတ် သဘောတူခွင့်ပြုချက်ကို လက်ခံရရှိပြီးနောက် တင်သွင်းသူများနှင့် တင်ပို့သူများထံ ဆက်လက် အကြောင်းကြားခြင်း၊

(င) တင်သွင်းမည့် သို့မဟုတ် တင်ပို့မည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ၏ ပါဝင်မှုပမာဏနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေတို့ကို ဆန်းစစ်၍ အတည်ပြုရမည်။ လိုအပ်ပါက အဆိုပါစွန့်ပစ်ပစ္စည်း များအား ခာတ်ခွဲစမ်းသပ်၍ ဆန်းစစ်အတည်ပြုခြင်း၊

(စ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို တင်သွင်းသူများနှင့် တင်ပို့သူများက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကို စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဆ) မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်ကြောင်း အခွင့်ရအာဏာပိုင်က အစီရင်ခံတင်ပြလာသည့်အခါ ကွန်ဗင်းရှင်း၏ အတွင်းရေးမှူးရုံးသို့ အကြောင်းကြားခြင်း၊

(ဇ) စိစစ်သုံးသပ်ခြင်းနှင့် သဘောတူခွင့်ပြုချက်ပေးခြင်း သို့မဟုတ် သဘောတူခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဈ) တင်သွင်းသူ သို့မဟုတ် တင်ပို့သူတို့က တင်ပြသည့် စာရွက်စာတမ်းများနှင့် အထောက်အထားများ မပြည့်စုံပါက အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်း တွင် ပြည့်စုံအောင် ပြင်ဆင်တင်ပြစေခြင်း၊

(ည) သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် စွန့်ပစ်ခြင်း ရှိ မရှိ ကြီးကြပ်ရာတွင် သက်ဆိုင်ရာ ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) နောက်ဆက်တွဲ "က" (ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းအမျိုးအစား၊ ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာများနှင့် အထူးထည့်သွင်းစဉ်းစားရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော အခြားစွန့်ပစ်ပစ္စည်းများ)၊ နောက်ဆက်တွဲ "ခ" (အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်း) နှင့် နောက်ဆက်တွဲ "ဂ" (သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်း) များတွင် ဖော်ပြထားသော အချက်အလက်များကို လိုအပ်ပါက အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း။

## အခန်း (၃)

## တင်သွင်းသူနှင့် တင်ပို့သူတို့၏ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၄။ တင်သွင်းသူများနှင့် တင်ပို့သူများသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် အခန်း (၄) နှင့် အခန်း (၅) တို့တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များအပြင် အောက်ပါတို့ကိုလည်း လိုက်နာဆောင်ရွက်ရမည်-

(က) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပို့ခွင့် သို့မဟုတ် တင်သွင်းခွင့် လျှောက်ထားခြင်းမပြုမီ ဤလုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထား၍ သဘောတူခွင့်ပြုချက်ရယူရမည်။

(ခ) စွန့်ပစ်ပစ္စည်းများ၏ ဘေးအန္တရာယ်ရှိမှု အတန်းအစားများအပေါ် မူတည်၍ စွန့်ပစ်ပစ္စည်းများကို ဘေးကင်းအောင် စနစ်တကျ ထုပ်ပိုးရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းတွင် ဖော်ပြထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ၏ ပမာဏနှင့် အမျိုးအစားတို့ကိုသာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့်ကာလအတွင်း သယ်ယူပို့ဆောင်ရမည်။

(ဃ) အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းတွင် ဖော်ပြထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်ရှိမှု အတန်းအစားအလိုက် ပြည့်စုံသည့် သတိပေးအမှတ်အသားများအား ကုန်သေတ္တာများနှင့် အခြားထုပ်ပိုးသည့်ပစ္စည်းများတွင် အပြည့်အဝတပ်ဆင်ရမည်။

(င) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းနှင့်ဆက်စပ်သောလုပ်ငန်းနေရာများနှင့် သယ်ယူပို့ဆောင်မှုများကို ဝန်ကြီးဌာနက ဝင်ရောက်စစ်ဆေးသည့်အခါ ခွင့်ပြုရမည်။ ထိုသို့ ဝင်ရောက်စစ်ဆေးရာတွင် ဝန်ကြီးဌာနက လိုအပ်၍ တောင်းခံလာပါက မှတ်တမ်းများနှင့် စာရွက်စာတမ်း အပြည့်အစုံကို တင်ပြရမည်။

(စ) မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာနိုင်ငံများ၏ အခွင့်ရအာဏာပိုင်နှင့် တာဝန်ခံပုဂ္ဂိုလ်တို့ထံ ချက်ချင်း အစီရင်ခံတင်ပြရမည်။

(ဆ) ပတ်ဝန်းကျင် သို့မဟုတ် လူသားတို့၏ ကျန်းမာရေးအပေါ် မည်သည့်ထိခိုက်မှုမျိုးကိုမဆို တာဝန်ယူဆောင်ရွက်ရမည်။

(ဇ) မတော်တဆထိခိုက်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်နိုင်သော သို့မဟုတ် ဖြစ်ပေါ်သော ထိခိုက်မှုကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဈ) တင်သွင်းသည့်နိုင်ငံနှင့် တင်ပို့သည့်နိုင်ငံများက ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည်။

(ည) အခွင့်ရအာဏာပိုင်များက အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် သက်ဆိုင်ရာ တာဝန်ရှိဆက်စပ်ဌာနများမှ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဋ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၄)
## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခြင်း

၅။ တင်ပို့သူသည် တင်သွင်းသည့်နိုင်ငံက ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်သွင်းမှုကို တားမြစ်ထားခြင်းမရှိကြောင်းနှင့် တင်သွင်းသည့်နိုင်ငံအတွင်း၌ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် သန့်စင်၍ စွန့်ပစ်နိုင်ကြောင်း အထောက်အထားတင်ပြနိုင်မှသာလျှင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်ပို့ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆။ တင်ပို့သူသည် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရရှိရန် လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများကို တင်ပြရမည်-

(က) တင်သွင်းသည့်နိုင်ငံနှင့် အကူးအပြောင်းပြုလုပ်သည့်နိုင်ငံတို့၏ အခွင့်ရအာဏာပိုင်များထံမှ သဘောတူခွင့်ပြုကြောင်း အထောက်အထားစာရွက်စာတမ်းများ၊

(ခ) တရားဝင်ကြေညာချက်များနှင့် အချက်အလက်များကို ဖော်ပြထားသော နောက်ဆက်တွဲ "ခ" ပါ အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းများ၊

(ဂ) မတော်တဆထိခိုက်မှု ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ လုံလောက်သော ငွေကြေး ထားရှိပြီးကြောင်း လက်မှတ်ရေးထိုးထားသည့် ငွေကြေးအာမခံဆိုင်ရာ စာရွက်စာတမ်းများ၊

(ဃ) လုပ်ပိုင်ခွင့်ရလုပ်ငန်းအနေဖြင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှု စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပို့သူနှင့် စွန့်ပစ်သူ တို့အကြား လက်မှတ် ရေးထိုးထားသည့် သဘောတူစာချုပ်မိတ္တူ၊

(င) နောက်ဆက်တွဲ "ဂ" ပါ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊

(စ) ဝန်ကြီးဌာနက လိုအပ်သည်ဟု ယူဆသည့် အခြားလိုအပ်သော ရှင်းလင်းချက် များနှင့် အချက်အလက်များ၊

(ဆ) လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်။

၇။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ တင်ပို့ခြင်းအတွက် သဘောတူခွင့်ပြုချက်ပေးရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) တင်သွင်းသည့်နိုင်ငံသည် ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊

(ခ) တင်ပို့သူနှင့် တင်ပို့သူကိုယ်စား ဆောင်ရွက်သည့် ကိုယ်စားလှယ်တစ်ဦးဦးသည် မြန်မာနိုင်ငံသားတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခု ဖြစ်ပါက မြန်မာနိုင်ငံအတွင်း၌ ယင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းနေရာရှိခြင်း၊

(ဂ) တင်ပို့မည့်ပစ္စည်းများကို လက်ခံသည့် သက်ဆိုင်ရာနိုင်ငံမှ တင်သွင်းသူသည် တင်သွင်းသည့်နိုင်ငံအတွင်း၌ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများကို သန့်စင်၍ စွန့်ပစ်သူဖြစ်ခြင်း။

၈။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးနောက် တင်သွင်းသည့် နိုင်ငံနှင့် အကူးအပြောင်းပြုလုပ်သည့်နိုင်ငံတို့၏ အခွင့်ရအာဏာပိုင်များက သဘောတူ လက်ခံလျှင် တင်ပို့ခြင်းအတွက် သဘောတူခွင့်ပြုချက် ပေးရမည်။

၉။ တင်ပို့သူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်ပို့ပြီးနောက် ၆ လအတွင်း သို့မဟုတ် တင်ပို့လာသော ပစ္စည်းအမျိုးအစားနှင့် ဆောင်ရွက် နိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်၍ သက်ဆိုင်ရာနိုင်ငံ၏ အခွင့်ရအာဏာပိုင်က သတ်မှတ်ပေးသည့် ကာလအတွင်း သဘောတူစာချုပ်တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါ ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် သန့်စင်၍ စွန့်ပစ်ခြင်းကို ပြီးစီးအောင်ဆောင်ရွက်ပြီး ၁၅ ရက်အတွင်း ဝန်ကြီးဌာနသို့ အကြောင်းကြား ရမည်။

၁၀။ တင်ပို့သူသည် တင်ပို့မှုတစ်ကြိမ်ထက်ပိုမို၍ အဆိုပြုတင်ပြသည့်ကိစ္စတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို အချိန်မှန်သယ်ယူပို့ဆောင်မှု မဟုတ်လျှင် သို့မဟုတ် အောက်ပါအချက်တစ်ခုခုနှင့်မကိုက်ညီလျှင် အဆိုပြုတင်ပြထားသော တင်ပို့မှု တစ်ကြိမ်စီအတွက် နောက်ဆက်တွဲ “ခ” ပါ အသိပေးအကြောင်းကြားစာတစ်စောင်စီဖြင့် ဝန်ကြီးဌာနသို့ သီးခြားတင်ပြလျှောက်ထားရမည်-

(က) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများသည် အခြေခံ အားဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ တူညီမှု ရှိခြင်း၊

(ခ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တူညီသော စွန့်ပစ်သူနှင့် တူညီသောစွန့်ပစ်မည့်နေရာသို့ စွန့်ပစ်ရန် တင်ပို့ခြင်း၊

(ဂ) အကူးအပြောင်းပြုလုပ်သည့်နိုင်ငံများမှ အကောက်ခွန်ရုံးများအပါအဝင် တူညီသော အကောက်ခွန်ရုံးများမှတစ်ဆင့် တင်ပို့မှုနှင့် တင်သွင်းမှုဖြစ်ခြင်း၊

(ဃ) သယ်ယူပို့ဆောင်မှုများအတွက် အသိပေးအကြောင်းကြားစာ အသုံးပြုခြင်းကို ဝန်ကြီးဌာနနှင့် တင်သွင်းသည့်နိုင်ငံနှင့် အကူးအပြောင်းပြုလုပ်သည့် နိုင်ငံတို့၏ အခွင့်ရအာဏာပိုင်များက သဘောတူလက်ခံခြင်း။

## အခန်း (၅)
## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း

၁၁။ ဝန်ကြီးဌာနက ခြွင်းချက်ဖြင့် ခွင့်ပြုသည်မှတစ်ပါး နောက်ဆက်တွဲ “က” တွင် ပါဝင်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း မပြုရ။

၁၂။ တင်သွင်းသူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် မြန်မာနိုင်ငံအတွင်း သန့်စင်၍ စွန့်ပစ်နိုင်မှသာလျှင် အဆိုပါပစ္စည်းများကို တင်သွင်းနိုင်သည်။

၁၃။ တင်သွင်းသူသည် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက် ရရှိရန် လျှောက်ထားရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို တင်ပြရမည်-

(က) တင်ပို့သည့်နိုင်ငံ၏ အခွင့်ရအာဏာပိုင်က သဘောတူခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) တရားဝင်ကြေညာချက်များနှင့် အချက်အလက်များကို ဖော်ပြထားသော နောက်ဆက်တွဲ “ခ” ပါ အသိပေးအကြောင်းကြားသည့် စာရွက်စာတမ်းများ၊

(ဂ) မတော်တဆထိခိုက်မှု ဖြစ်ပေါ်ခြင်းနှင့်စပ်လျဉ်း၍ လုံလောက်သော ငွေကြေး ထားရှိပြီးကြောင်း လက်မှတ်ရေးထိုးထားသည့် ငွေကြေးအာမခံဆိုင်ရာ စာရွက်စာတမ်းများ၊

(ဃ) လုပ်ပိုင်ခွင့်ရလုပ်ငန်းအနေဖြင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှု စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း စွန့်ပစ်သူနှင့် တင်ပို့သူ တို့အကြား လက်မှတ် ရေးထိုးထားသည့် သဘောတူစာချုပ်မိတ္တူ၊

(င) နောက်ဆက်တွဲ “ဂ” ပါ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊

(စ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် ဖြစ်ပေါ်နိုင်သည့် မတော်တဆဖြစ်ပွားမှု မရှိစေရန်၊ လျော့နည်းစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ကြိုတင်ပြင်ဆင် ထားရှိမှုများအတွက် အစီရင်ခံတင်ပြစာ၊

(ဆ) ဝန်ကြီးဌာနက လိုအပ်သည်ဟု ယူဆသည့် အခြားလိုအပ်သော ရှင်းလင်းချက် များနှင့် အချက်အလက်များ၊

(ဇ) လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်။

၁၄။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်သွင်းခြင်းအတွက် သဘောတူခွင့်ပြုချက်ပေးရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) တင်ပို့သည့်နိုင်ငံသည် ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊

(ခ) တင်သွင်းသူနှင့် တင်သွင်းသူကိုယ်စား ဆောင်ရွက်သည့် ကိုယ်စားလှယ်တစ်ဦးဦး သည် မြန်မာနိုင်ငံသား တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ တစ်ခုဖြစ်ပါက မြန်မာနိုင်ငံအတွင်း၌ ယင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် သင့်လျော် သော လုပ်ငန်းနေရာရှိခြင်း၊

(ဂ) တင်သွင်းသူသည် မြန်မာနိုင်ငံအတွင်း၌ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို သန့်စင်၍ စွန့်ပစ်သူဖြစ်ခြင်း။

၁၅။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးနောက် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို တင်သွင်းသူထံ ပြန်ကြားပေးရမည်။

၁၆။ တင်သွင်းသူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တင်သွင်းပြီးနောက် ၆ လအတွင်း သို့မဟုတ် တင်သွင်းလာသော ပစ္စည်းအမျိုးအစားနှင့် ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်၍ ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ၁ နှစ်ထက်မပိုသောကာလအတွင်း သဘောတူစာချုပ်အရ အဆိုပါပစ္စည်းများကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် သန့်စင်၍စွန့်ပစ်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်ပြီး ၁၅ ရက်အတွင်း တင်ပို့သူနှင့် ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၁၇။ တင်သွင်းသူသည် တင်သွင်းမှုတစ်ကြိမ်ထက်ပိုမို၍ အဆိုပြုတင်ပြသည့်ကိစ္စတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို အချိန်မှန်သယ်ယူပို့ဆောင်မှု မဟုတ်လျှင် သို့မဟုတ် အောက်ပါအချက်တစ်ခုခုနှင့်မကိုက်ညီလျှင် အဆိုပြုတင်ပြထားသော တင်သွင်းမှုတစ်ကြိမ်စီအတွက် နောက်ဆက်တွဲ “ခ” ပါ အသိပေးအကြောင်းကြားစာ တစ်စောင်စီ ဖြင့် ဝန်ကြီးဌာနသို့ သီးခြားတင်ပြလျှောက်ထားရမည်-

(က) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများသည် အခြေခံအားဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ တူညီမှုရှိခြင်း၊

(ခ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တူညီသော စွန့်ပစ်သူနှင့် တူညီသောစွန့်ပစ်မည့်နေရာသို့ စွန့်ပစ်ရန် တင်သွင်းခြင်း၊

(ဂ) အကူးအပြောင်းပြုလုပ်သည့်နိုင်ငံများမှ အကောက်ခွန်ရုံးများအပါအဝင် တူညီသော အကောက်ခွန်ရုံးများမှတစ်ဆင့် တင်ပို့မှုနှင့် တင်သွင်းမှုဖြစ်ခြင်း၊

(ဃ) သယ်ယူပို့ဆောင်မှုများအတွက် အသိပေးအကြောင်းကြားစာ အသုံးပြုခြင်းကို ဝန်ကြီးဌာနနှင့် တင်ပို့သည့်နိုင်ငံနှင့် အကူးအပြောင်းပြုလုပ်သည့်နိုင်ငံတို့၏ အခွင့်ရအာဏာပိုင်များမှ သဘောတူလက်ခံခြင်း။

## အခန်း (၆)

## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်းသယ်ဆောင်ခြင်း

၁၈။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံမှ ကွန်ဗင်းရှင်းဝင်အခြားနိုင်ငံတစ်နိုင်ငံသို့ တင်သွင်းရာတွင် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေမှတစ်ဆင့် အကူးအပြောင်းပြုလုပ်၍ ဖြတ်သန်းသယ်ဆောင်လိုကြောင်း တင်ပို့သည့်နိုင်ငံ၏ အခွင့်ရအာဏာပိုင်က အသိပေးအကြောင်းကြားသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည်ဟု ယူဆပါက အဆိုပါအကူးအပြောင်းပြုလုပ်ခြင်းအတွက် အခန်း (၄) ပါ သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ခွင့်ပြုနိုင်သည်။

၁၉။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် အကူးအပြောင်းပြုလုပ်ခြင်းအတွက် ယေဘုယျအခြေအနေများ သို့မဟုတ် အထူးအခြေအနေများတွင် ကြိုတင်သဘောတူခွင့်ပြုချက် လိုအပ်ခြင်း မရှိဟု ဆုံးဖြတ်လျှင် ကွန်ဗင်းရှင်းဝင်နိုင်ငံများသို့ အဆိုပါဆုံးဖြတ်ချက်ကို အကြောင်းကြားရမည်။

## အခန်း (၇)
## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်း

၂၀။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်းမပြုရ-

(က) ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးအကြောင်းကြားမှုမရှိခြင်း၊

(ခ) ဤလုပ်ထုံးလုပ်နည်းများအရ သဘောတူခွင့်ပြုချက် မရှိခြင်း၊

(ဂ) သက်ဆိုင်ရာနိုင်ငံမှ ရရှိထားသော သဘောတူခွင့်ပြုချက်တွင် အမှားများ ပါရှိခြင်း၊ လွဲမှားတင်ပြခြင်း သို့မဟုတ် မမှန်မကန် တင်ပြခြင်း၊

(ဃ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများသည် တင်ပြထားသည့် စာရွက်စာတမ်းပါ ဖော်ပြချက်များနှင့် ကိုက်ညီမှု မရှိခြင်း၊

(င) ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေများ၏ အခြေခံသဘောတရားများကို ချိုးဖောက်ပြီး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်း။

၂၁။ တင်ပို့သူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သည့်နိုင်ငံသည် တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းအဖြစ် သတ်မှတ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းများတွင် တင်သွင်းသည့်နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်နိုင်မှုကို တင်သွင်းသည့်နိုင်ငံက သဘောတူညီမှုမရှိလျှင်၊ တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း တင်သွင်းသည့်နိုင်ငံက အကြောင်းကြားပြီးချိန်မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် တင်ပို့သည့်နိုင်ငံနှင့် တင်သွင်းသည့်နိုင်ငံတို့မှ သဘောတူညီပြီးသည့် အခြားအချိန်ကာလအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်သည့် အဆိုပါပစ္စည်းများကို တင်ပို့သူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် လိုအပ်လျှင် တင်ပို့သည့်နိုင်ငံ၏ ကုန်ကျစရိတ်ဖြင့် တင်ပို့သည့်နိုင်ငံသို့ ပြန်လည်သယ်ဆောင်ရမည်။

၂၂။ တင်သွင်းသူ သို့မဟုတ် စွန့်ပစ်သူ၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသည့် တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းအဖြစ် သတ်မှတ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်သည့် ကိစ္စရပ်များတွင် တင်သွင်းသည့်နိုင်ငံသည် တင်သွင်းသူ သို့မဟုတ် စွန့်ပစ်သူက အဆိုပါပစ္စည်းများကို

ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် စွန့်ပစ်စေရန် သို့မဟုတ် လိုအပ်ပါက တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဟု သတ်မှတ်ဆုံးဖြတ်ပြီးချိန်မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် တင်ပို့သည့်နိုင်ငံနှင့် တင်သွင်းသည့်နိုင်ငံတို့မှ သဘောတူညီပြီး သည့် အခြားအချိန်ကာလအတွင်း တင်သွင်းသူ သို့မဟုတ် စွန့်ပစ်သူတို့ကိုယ်တိုင် ဆောင်ရွက် စေရန် သေချာစေရေးအတွက် လုပ်ဆောင်ရမည်။ လိုအပ်ပါက အဆိုပါပစ္စည်းများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် စွန့်ပစ်ရာတွင် အဖွဲ့ဝင် နိုင်ငံများက ပူးပေါင်းဆောင်ရွက်ရမည်။

၂၃။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို တရားမဝင်နယ်စပ် ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းများတွင် တင်ပို့သူ သို့မဟုတ် ထုတ်လုပ်သူ ကိုဖြစ်စေ တင်သွင်းသူ သို့မဟုတ် စွန့်ပစ်သူ ကိုဖြစ်စေ တာဝန်ပေးအပ်ခြင်း မပြုလုပ်နိုင်ပါက သက်ဆိုင်ရာနိုင်ငံများ သို့မဟုတ် အခြားအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ အဆိုပါပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ကို အခြေခံ၍ တင်ပို့သည့်နိုင်ငံ သို့မဟုတ် တင်သွင်းသည့်နိုင်ငံ သို့မဟုတ် သင့်လျော်သည့်နေရာတွင် အမြန်ဆုံး စွန့်ပစ်နိုင်ရန် ဆောင်ရွက်ရမည်။ လိုအပ်ပါက အဆိုပါပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှု စနစ်ဖြင့် စွန့်ပစ်ခြင်းတွင် အဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းဆောင်ရွက်ရမည်။

၂၄။ သက်ဆိုင်ရာအစိုးရဌာနများသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ် ပစ္စည်းများအား တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းများကို စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

## အခန်း (၈)

## ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံများသို့ တင်ပို့ခြင်း သို့မဟုတ် ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံများမှ တင်သွင်းခြင်း

၂၅။ ကွန်ဗင်းရှင်းဝင်မဟုတ်သော နိုင်ငံများမှ သို့မဟုတ် နိုင်ငံများသို့ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း ဆောင်ရွက်မည်ဆိုပါက ကွန်ဗင်းရှင်း၏ အပိုဒ် ၁၁ အရ မြန်မာနိုင်ငံသည် အဆိုပါနိုင်ငံများနှင့် နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူညီချက် တစ်ခုခုပြုလုပ်ထားမှသာ ဆောင်ရွက်နိုင်သည်။

## အခန်း (၉)
## စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

၂၆။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား တရားမဝင်နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကိုယ်တိုင် ရရှိသည့် သတင်းအချက်အလက် သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ ရရှိသည့် သတင်းအချက်အလက်များအရ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် သတင်းအရ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၇။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရန် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက် ရရှိထားသည့် လုပ်ပိုင်ခွင့်ရလုပ်ငန်းက အဆိုပါပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့် စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်မှုအား ဝန်ကြီးဌာနကိုယ်တိုင်သော်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပူးပေါင်း၍သော်လည်းကောင်း ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း နှင့် သတင်းအရ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၈။ ဝန်ကြီးဌာနသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအား ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့ကို သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပူးပေါင်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရမည်။

## အခန်း (၁၀)
## အရေးယူဆောင်ရွက်ခြင်း

၂၉။ မည်သူမဆို ဤလုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဥပဒေ ပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၀။ ဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၃၁။ ဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းအရ ဝန်ကြီးဌာနက ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များကို ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၃၂။ တင်သွင်းသူနှင့် တင်ပို့သူများသည် ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းနှင့်စပ်လျဉ်းသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ပုံ) ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ (သစ်တော)၃/၀၄(ဃ)/HWP ( ၁၅၅၄ / ၂၀၂၃ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

ရုံးလက်ခံ

မျှောစာတွဲ

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ “က”

**ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အမျိုးအစားများ၊ ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာများနှင့် အထူးထည့်သွင်းစဉ်းစားရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော အခြားစွန့်ပစ်ပစ္စည်းများ**

**၁။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အမျိုးအစားများ**

**စာရင်း ဝိုင် (List Y)**

**ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအဖြစ် သတ်မှတ်ထားသော ထိန်းချုပ်ရန် လိုအပ်သည့် စွန့်ပစ်ပစ္စည်းများ**

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| ၁။ | ဝိုင် ၁ (Y1) | ဆေးရုံများ၊ ဆေးကုသမှုဌာနများနှင့် ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကြောင့် ထွက်ရှိလာသော ဆေးဝါးကုသမှုဆိုင်ရာ စွန့်ပစ်ပစ္စည်းများ |
| ၂။ | ဝိုင် ၂ (Y2) | ဆေးဝါးထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့်ပြင်ဆင်ခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၃။ | ဝိုင် ၃ (Y3) | ဆေးဝါးစွန့်ပစ်ပစ္စည်းများ (ဆေးပုလင်းခွံများ၊ သက်တမ်းကုန်ဆေးဝါးများ) (Waste pharmaceuticals, drugs and medicines) |
| ၄။ | ဝိုင် ၄ (Y4) | ဇီဝပိုးသတ်ဆေးများ (Biocides) နှင့် ဆေးဘက်ဝင်အပင်မှ ထုတ်လုပ်သည့် ဆေးဝါးများ (Phytopharmaceuticals) ကို ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၅။ | ဝိုင် ၅ (Y5) | သစ်သားများကို တာရှည်ခံအောင် အသုံးပြုရသည့် ဓာတုပစ္စည်းများ (Wood Preserving Chemicals) ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၆။ | ဝိုင် ၆ (Y6) | အော်ဂဲနစ်ပျော်ရည်များ ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| ၇။ | ဝိုင် ၇ (Y7) | အပူပေးပြုပြင်ခြင်းနည်းစဉ် (Heat Treatment) နှင့် အပူပေး၍ အရည်အသွေးထိန်းညှိခြင်း လုပ်ငန်းလည်ပတ်မှုများ (Tempering Operations) မှ ထွက်ရှိလာသော ဆိုင်ယာနိုက်ပါဝင်သည့် စွန့်ပစ်ပစ္စည်းများ |
| ၈။ | ဝိုင် ၈ (Y8) | မူလရည်ရွယ်ထားသည့်အတိုင်း အသုံးပြုရန် မသင့်တော်သည့် စွန့်ပစ်တွင်းထွက်ရေနံပစ္စည်းများ (Waste mineral oils) |
| ၉။ | ဝိုင် ၉ (Y9) | စွန့်ပစ်ဆီများ / စွန့်ပစ်ရေများ (Waste Oils / Water)၊ ဟိုက်ဒရိုကာဗွန်များ (Hydrocarbons) / ရေအရောများ (Water Mixtures)၊ ဆီရေ အရောအနှောများ (Emulsions) |
| ၁၀။ | ဝိုင် ၁၀ (Y10) | Polychlorinated Biphenyls (PCBs) နှင့်/သို့မဟုတ် Polychlorinated Terphenyls (PCTs) နှင့်/သို့မဟုတ် Polybrominated Biphenyls (PBBs) ပါဝင်သော သို့မဟုတ် ၎င်းတို့ကြောင့် ညစ်ညမ်းနေသည့် စွန့်ပစ်ပစ္စည်းများနှင့် အရာဝတ္ထုများ |
| ၁၁။ | ဝိုင် ၁၁ (Y11) | သန့်စင်ခြင်း၊ ပေါင်းခံခြင်းနှင့် အခြားအပူချိန်မြင့်သန့်စင်ခြင်း (Pyrolytic Treatment) တစ်ခုခုမှ ထွက်ရှိလာသော ကတ္တရာစေး အကြွင်းအကျန် စွန့်ပစ်ပစ္စည်းများ |
| ၁၂။ | ဝိုင် ၁၂ (Y12) | မင်များ၊ ဆိုးဆေးများ၊ ရောင်ခြယ်ဆေးမှုန့်များ (Pigments)၊ သုတ်ဆေးများ၊ သစ်စေးများ (Lacquers)၊ အရောင်တင်ဆီများ (Varnish) ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖော်စပ်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၁၃။ | ဝိုင် ၁၃ (Y13) | ကော်စေး (Resins)၊ ရာဘာစေး (Latex)၊ ပျော့ပြောင်းဆေး (Plasticizers)၊ ကော်အမျိုးမျိုး (Glues/Adhesives) ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့်အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| ၁၄။ | ဝိုင် ၁၄ (Y14) | ခွဲခြားသတ်မှတ်မထားသော နှင့်/သို့မဟုတ် အသစ်အဆန်းဖြစ်သော လူသားတို့၏ ကျန်းမာရေး နှင့်/သို့မဟုတ် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို မသိသေးသော သုတေသနနှင့်ဖွံ့ဖြိုးမှု သို့မဟုတ် သင်ကြားမှုလုပ်ငန်းရပ်များမှ ထွက်ပေါ်လာသော စွန့်ပစ် ဓာတုပစ္စည်းများ |
| ၁၅။ | ဝိုင် ၁၅ (Y15) | ဥပဒေအရ ကန့်သတ်ခြင်းမပြုလုပ်ထားသော ပေါက်ကွဲစေနိုင်သည့် သဘာဝရှိသော စွန့်ပစ်ပစ္စည်းများ |
| ၁၆။ | ဝိုင် ၁၆ (Y16) | ဓာတ်ပုံဖလင်ဆေးများနှင့် ဓာတ်ပုံဖလင်ဆေးရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ (Photographic Chemicals and Processing Materials) ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် အသုံးပြုခြင်းတို့မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၁၇။ | ဝိုင် ၁၇ (Y17) | သတ္တုများနှင့် ပလတ်စတစ်များအား မျက်နှာပြင်ပြုပြင်သန့်စင်ခြင်း (Surface Treatment) မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ |
| ၁၈။ | ဝိုင် ၁၈ (Y18) | စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သည့် လုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်း အကြွင်းအကျန်များ |
| **ဒြပ်ပေါင်းတစ်ခုခု ပါဝင်နေသည့် စွန့်ပစ်ပစ္စည်းများ (Waste having as constituents)** | | |
| ၁၉။ | ဝိုင် ၁၉ (Y19) | Metal Carbonyls |
| ၂၀။ | ဝိုင် ၂၀ (Y20) | ဘာရီလီယမ် (Beryllium)၊ ဘာရီလီယမ်ဒြပ်ပေါင်းများ |
| ၂၁။ | ဝိုင် ၂၁ (Y21) | Hexavalent Chromium ဒြပ်ပေါင်းများ |
| ၂၂။ | ဝိုင် ၂၂ (Y22) | ကြေးနီ (Copper) ဒြပ်ပေါင်းများ |
| ၂၃။ | ဝိုင် ၂၃ (Y23) | သွပ် (Zinc) ဒြပ်ပေါင်းများ |
| ၂၄။ | ဝိုင် ၂၄ (Y24) | အာဆင်းနစ် (Arsenic)၊ အာဆင်းနစ်ဒြပ်ပေါင်းများ |
| ၂၅။ | ဝိုင် ၂၅ (Y25) | ဆလီနီယမ် (Selenium)၊ ဆလီနီယမ်ဒြပ်ပေါင်းများ |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| ၂၆။ | ဝိုင် ၂၆ (Y26) | ကက်ဒမီယံ (Cadmium)၊ ကက်ဒမီယံဒြပ်ပေါင်းများ |
| ၂၇။ | ဝိုင် ၂၇ (Y27) | ခနောက်စိမ်း (Antimony)၊ ခနောက်စိမ်းဒြပ်ပေါင်းများ |
| ၂၈။ | ဝိုင် ၂၈ (Y28) | တဲ(လ)လူရီယမ် (Tellurium)၊ တဲ(လ)လူရီယမ်ဒြပ်ပေါင်းများ |
| ၂၉။ | ဝိုင် ၂၉ (Y29) | ပြဒါး (Mercury)၊ ပြဒါးဒြပ်ပေါင်းများ |
| ၃၀။ | ဝိုင် ၃၀ (Y30) | သာလီယံ (Thallium)၊ သာလီယံဒြပ်ပေါင်းများ |
| ၃၁။ | ဝိုင် ၃၁ (Y31) | ခဲ (Lead)၊ ခဲဒြပ်ပေါင်းများ |
| ၃၂။ | ဝိုင် ၃၂ (Y32) | Calcium Fluoride မှအပ အင်အော်ဂဲနစ်ဖလူအိုရင်းဒြပ်ပေါင်းများ |
| ၃၃။ | ဝိုင် ၃၃ (Y33) | အင်အော်ဂဲနစ်ဆိုင်ယာနိုက်များ (Inoragnic cyanides) |
| ၃၄။ | ဝိုင် ၃၄ (Y34) | အက်စစ်ဖျော်ရည်များ သို့မဟုတ် အစိုင်အခဲပုံစံရှိ အက်စစ်များ |
| ၃၅။ | ဝိုင် ၃၅ (Y35) | ဘေ့စ်ဖျော်ရည်များ (သို့မဟုတ်) အစိုင်အခဲပုံစံရှိ ဘေ့စ်များ |
| ၃၆။ | ဝိုင် ၃၆ (Y36) | ကျောက်ဂွမ်းများ (အမှုန့်နှင့်အမျှင်စများ) (Asbestos) |
| ၃၇။ | ဝိုင် ၃၇ (Y37) | အော်ဂဲနစ် Phosphorus ဒြပ်ပေါင်းများ |
| ၃၈။ | ဝိုင် ၃၈ (Y38) | အော်ဂဲနစ်ဆိုင်ယာနိုက်များ (Organic cyanides) |
| ၃၉။ | ဝိုင် ၃၉ (Y39) | ဖီနောများ၊ ကလိုရိုဖီနောများအပါအဝင် ဖီနောဒြပ်ပေါင်းများ |
| ၄၀။ | ဝိုင် ၄၀ (Y40) | အီသာများ (Ethers) |
| ၄၁။ | ဝိုင် ၄၁ (Y41) | ဟေလိုဂျင်ပါဝင်သော အော်ဂဲနစ်ဖျော်ရည်များ (Halogenated Organic Solvents) |
| ၄၂။ | ဝိုင် ၄၂ (Y42) | ဟေလိုဂျင်ပါဝင်သော ဖျော်ရည်များ မပါဝင်သည့် အော်ဂဲနစ်ဖျော်ရည်များ |
| ၄၃။ | ဝိုင် ၄၃ (Y43) | ပိုလီကလိုရီနိတ်တက် ဒိုင်ဘန်ဇိုဖျူရင် (polychlorinated dibenzo-furan) နှင့်ဆင်တူသော ဒြပ်ပေါင်းတစ်ခုခု (Any Congenor) |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | **အမျိုးအစား** |
|---|---|---|
| ၄၄။ | ဝိုင် ၄၄ (Y44) | ပိုလီကလိုရီနိတ်တက် ဒိုင်ဘန်ဇို-ပါရာ-ဒိုင်အောက်စင် (poly-chlorinated dibenzo-p-dioxin) နှင့်ဆင်တူသော ဒြပ်ပေါင်း တစ်ခုခု (Any Congenor) |
| ၄၅။ | ဝိုင် ၄၅ (Y45) | ကလိုရင်း၊ ဖလိုရင်း၊ အိုင်အိုဒင်းပါသော အော်ဂဲနစ်ဒြပ်ပေါင်းများ (Organohalogen Compounds) |

**စာရင်း အေ (List A)**

**ဤစာရင်းတွင် ပါဝင်သော စွန့်ပစ်ပစ္စည်းများသည် ဘေးအန္တရာယ်ရှိ သွင်ပြင်လက္ခဏာရှိသော စွန့်ပစ်ပစ္စည်းများ ဖြစ်သည်။ စွန့်ပစ်ပစ္စည်းကို ဘေးအန္တရာယ်မရှိကြောင်း ပြသနိုင်ရန် နောက်ဆက်တွဲ "က" ၏ အပိုဒ် ၂ အား အသုံးပြုနိုင်သည်။**

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| **သတ္တုနှင့် သတ္တုပါဝင်သော စွန့်ပစ်ပစ္စည်းများ** | | |
| ၁။ | အေ ၁၀၁၀ (A1010) | သတ္တုစွန့်ပစ်ပစ္စည်းများနှင့် အောက်ဖော်ပြပါပစ္စည်းတစ်ခုခု ပါဝင်သော သတ္တုစပ်စွန့်ပစ်ပစ္စည်းများ–<br>- ခနောက်စိမ်း (Antimony)<br>- အာဆင်းနစ် (Arsenic)<br>- ဘာရီလီယမ် (Beryllium)<br>- ကက်ဒမီယမ် (Cadmium)<br>- ခဲ (Lead)<br>- မာကျူရီ (Mercury)<br>- ဆလီနီယမ် (Selenium)<br>- တဲ(လ)လူရီယမ် (Tellurium)<br>- သာလီယံ (Thallium)<br>(သို့သော် စာရင်းဘီ (List B) တွင် သတ်မှတ်ထားသော စွန့်ပစ်ပစ္စည်းများ မပါဝင်ပါ။) |
| ၂။ | အေ ၁၀၂၀ (A1020) | ထုထည်ကြီးမားသော သတ္တုစွန့်ပစ်ပစ္စည်းများမှအပ အောက်ဖော်ပြပါ မည်သည့်ဒြပ်ပေါင်းမဆို အစိတ်အပိုင်းများ သို့မဟုတ် ညစ်ညမ်းမှုဖြစ်စေသည့်အရာများအနေဖြင့် ပါရှိသော စွန့်ပစ်ပစ္စည်းများ–<br>- ခနောက်စိမ်း (Antimony)၊ ခနောက်စိမ်းဒြပ်ပေါင်းများ |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| | | - ဘာရီလီယမ် (Beryllium)၊ ဘာရီလီယမ်ဒြပ်ပေါင်းများ<br>- ကက်ဒမီယံ (Cadmium)၊ ကက်ဒမီယံဒြပ်ပေါင်းများ<br>- ခဲ ၊ ခဲဒြပ်ပေါင်းများ (Lead ၊ Lead Compounds)<br>- ဆလီနီယမ် (Selenium) ၊ ဆလီနီယမ်ဒြပ်ပေါင်းများ<br>- တဲ(လ)လူရီယမ် (Tellurium)၊ တဲ(လ)လူရီယမ်ဒြပ်ပေါင်းများ |
| ၃။ | အေ ၁၀၃၀ (A1030) | အောက်ဖော်ပြပါ ဒြပ်ပေါင်းများမှ တစ်ခုခုပါဝင်သော စွန့်ပစ်ပစ္စည်း သို့မဟုတ် ညစ်ညမ်းမှုဖြစ်စေသည့်အရာများ တစ်ခုခု ပါရှိနေသော စွန့်ပစ်ပစ္စည်းများ–<br>- အာဆင်းနစ်၊ အာဆင်းနစ်ဒြပ်ပေါင်းများ<br>- မာကျူရီ၊ မာကျူရီဒြပ်ပေါင်းများ<br>- သာလီယံ (Thallium)၊ သာလီယံဒြပ်ပေါင်းများ |
| ၄။ | အေ ၁၀၄၀ (A1040) | အောက်ဖော်ပြပါ ဒြပ်ပေါင်းများမှ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်သည့်အရာများ တစ်ခုခုရှိနေသော စွန့်ပစ်ပစ္စည်း–<br>- Metal Carbonyls<br>- Hexavalent Chromium Compounds |
| ၅။ | အေ ၁၀၅၀ (A1050) | ဓာတ်ပြုမှုစွမ်းအားဖြင့် လျှပ်စစ်ဓာတ်စီးဆင်းရာမှ ဖြစ်ပေါ်လာသော အနည်အနှစ်များ (Galvanic Sludges) |
| ၆။ | အေ ၁၀၆၀ (A1060) | သတ္တုများ သန့်စင်ခြင်းမှ ထွက်ရှိသော စွန့်ပစ်အရည်များ |
| ၇။ | အေ ၁၀၇၀ (A1070) | သွပ်ထုတ်လုပ်သည့်လုပ်ငန်းစဉ် (Zinc Processing) မှ ထွက်ရှိသည့် အရည်ဖျော် အကြွင်းအကျန်များ၊ ဖုန်နှင့် Jarosite ၊ Hematite အစရှိသည့် အနည်အနှစ်များ |
| ၈။ | အေ ၁၀၈၀ | ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင်လက္ခဏာများကို ထုတ်ဖော် |

| နံပါတ် | ဘာဆယ် ကွန်ဗင်းရှင်း သင်္ကေတ | အမျိုးအစား |
|---|---|---|
| | (A1080) | ပြသရန် လုံလောက်သော ပြင်းအားရှိသည့် ခဲနှင့် ကက်ဒမီယံ ပါဝင်သည့် စာရင်း ဘီ တွင် မပါဝင်သော သွပ်အကြွင်းအကျန် စွန့်ပစ်ပစ္စည်းများ (Waste Zinc Residues) |
| ၉။ | အေ ၁၀၉၀ (A1090) | လျှပ်ကာပစ္စည်း ဖုံးအုပ်ထားသော ကြေးနီဝါယာကြိုးများ (Insulated Copper Wire) အား မီးရှို့ဖျက်ဆီးခြင်းမှ ထွက်ရှိလာသော ပြာများ |
| ၁၀။ | အေ ၁၁၀၀ (A1100) | ကြေးနီအရည်ကျိုသည့်ဖိုများ (Copper Smelters) ၏ ဓာတ်ငွေ့ သန့်စင်ခြင်းစနစ်မှ ထွက်ရှိသော ဖုန်မှုန့်များနှင့် အကြွင်းအကျန်များ |
| ၁၁။ | အေ ၁၁၁၀ (A1110) | ကြေးနီအား လျှပ်စစ်ဖြင့် သန့်စင်ခြင်း (Copper Electrorefining) နှင့် Electrowinning စသည့် လုပ်ငန်းလည်ပတ်ခြင်းများမှ အသုံးပြုပြီး စွန့်ပစ်သော လျှပ်စစ်စီးနိုင်သည့် ပျော်ရည်များ (Spent Electrolytic Solutions) |
| ၁၂။ | အေ ၁၁၂၀ (A1120) | ကြေးနီအား လျှပ်စစ်ဖြင့် သန့်စင်ခြင်း (Copper Electrorefining) နှင့် Electrowinning လုပ်ငန်းလည်ပတ်ခြင်းများ၏ လျှပ်စစ်စီးနိုင်သော အရည်များအား သန့်စင်သည့်စနစ်များ (Electrolyte Purification System) မှ စွန့်ပစ်အနည်အနှစ်များ (အဖိုဓာတ်အကျိအချွဲများ (Anode Slimes) မပါဝင်) |
| ၁၃။ | အေ ၁၁၃၀ (A1130) | ငရဲမီးဖြင့် ပုံဖော်ရာမှ ထွက်လာသော အသုံးပြုပြီး ကြေးနီ (Dissolved Copper) ပါဝင်သည့် ပျော်ရည်များ |
| ၁၄။ | အေ ၁၁၄၀ (A1140) | စွန့်ပစ် Cupric Chloride နှင့် စွန့်ပစ် Copper Cyanide ဓာတ်ကူပစ္စည်းများ |
